

တိန္ဒရိလစဉ်
မင်းမြတ်သူရ
ဖိုးဖဝ ရတနာသိုက်
ပန်းချီ
အင်ဒီးယန်း

တစ်နေ့သ၌မြန်မာပြည်မြေလတ်ပိုင်းဒေသရွာကလေးတစ်ရွာရှိဆင်းရဲလွန်းသောတစ်ရွာလုံး၏ခိုင်းဖတ်ဖြစ်နေသောမိုးသီးဆိုသောလူငယ်လေးသည်မန်ကျည်းပင်ကြီးအောက်တွင်ထိုင်၍ထင်းများကိုပင်ပန်းကြီးစွာခွဲခြမ်းနေလေ၏။မိုးသီးသည်အသက်(၁၅)နှစ်ခန့်သာရှိသေးသဖြင့်ငယ်ရွယ်နုနယ်သော်လည်းမရှိဆင်းရဲလွန်းသဖြင့်ကြမ်းတမ်းသောအလုပ်များကိုပင်ပန်းကြီးစွာလုပ်ကိုင်ရရှာ၏။မိုးသီးသည်မနက်မိုးလင်းကတည်းကမည်သည့်အစာကိုမျှမစားရသေးသဖြင့်ဗိုက်ထဲတွင်တကြုတ်ကြုတ်မည်နေလေ၏။ထင်းပုံကြီးမှထင်းများလျော့နည်းလာပြီဖြစ်သော်လည်းတစ်ဝက်မျှကျန်နေသေး၏။ထိုအခိုက်မှာပင်အပျိုကြီးမရွှေပုသည်သံဇလုံတစ်ချပ်ကိုကိုင်၍အနီးသို့ရောက်လာပြီး...




ဟဲ ဟဲ ကျုပ်အထင်တော့ ဦးတောကျော်ကြီး အတွက်ဖြစ်လိမ့်မယ်၊ဒီ တော့ကျုပ်ကိုခေါ်တာဗျို့ တစ်ဖို့နဲ့လက်ဖက် ကမ်းဖို့ထင်တယ်
ဟုတ်တယ် မင်းမဆိုးဘူး၊မနက် ဖြန်ဦးတောကျော်အလှူ အတွက်ဗျို့ဟစ်ရမယ်၊လက်ဖက် ထုပ်လည်းကမ်းရမယ်၊ဦးတောကျော် အလှူကတစ်ရွာလုံးမိုးခိုးတိတ် ကျွေးမှာဆိုတော့အနီးအနားရွာ တွေတော်တော်များများလှည့် ပြီးဗျို့ဟစ်ရမယ်
ဟုပြောလေရာမိုးသီးသည်သူနေထိုင်ရာ ရွာစွန်တဲအိမ်လေးသို့ပြန်သွားပြီးရေမိုး ချိုးကာညစာစားရင်းမနက်ဖြန်ဦးတော ကျော်၏အလှူအတွက်ဗျို့ဟစ်ရန်စဉ်းစား လေ၏။ထမင်းစားပြီးသောအခါအိပ်လို့ မပျော်သေးသဖြင့်စာရွက်နှင့်ခဲတံကိုယူကာ မနက်ဖြန်ဗျို့ဟစ်ရန်အတွက်စာသားများကို ရေးသားလေ၏။မိုးသီးသည်ဗျို့ဟစ်ရန် စာသားများကိုရေးသားကြည့်ပြီးနောက် ဖတ်ကြည့်လေ၏။ပြီးနောက်တွင်မူ မျက်လုံးများမှေးစင်းလာ၍အိပ်ရာထဲသို့ ဝင်ခဲ့လေ၏။


နောက်တစ်နေ့နံနက်တွင်ရွာလယ်ခေါင်တွင်ရှိသောဦးတောကျော်၏နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးသို့ထွက်ခဲ့လေ၏။ဦးတောကျော်ကမိုးသီးကိုမြင်လျှင်...
လာမိုးသီး ထမင်းစားလိုက်ဦး ထမင်းစားပြီးတာနဲ့ တောင်ဘက်ခြမ်းကရွာတွေကိုဗို့ဟာစ်ထွက်ပေတော့...
မင်း ဗို့ဟာစ်ထွက် ရင်ဘယ်သူတွေကိုခေါ်သွားမှာလဲ...
အင်း ပေသီးနဲ့လှတိုးကိုခေါ်သွားချင်တယ်...


မိုးသီးထမင်းစားပြီးလျှင်ပေသီးနှင့်လှတိုး အနီးသို့ရောက်လာ၏။၎င်းတို့နှစ်ဦး၌ လွယ်အိတ်ကိုယ်စီလွယ်ထားကြ၏။လွယ်အိတ် ထဲတွင်လောက်စာလုံး၊လေးခွနှင့်ဓာဝီထုတ်ပါ မည်မှာသေချာ၏။ထိုခေတ်က၎င်းတို့ဒေသတွင် သူတစ်ပါးရွာသို့လှည့်လည်၍ဗျို့ဟစ်ရသောအလုပ် သည်အလွန်ရန်များ၏။ထို့နောက်ဦးတောကျော် ကမိုးသီးတို့ရှိရာသို့ရောက်လာပြီး...
ကဲ ငါ့ခြံရှေ့ကစပြီး ဗျို့ဟစ်ပါဦး၊ငါ့ အလှူရဲ့ဗျို့နား ထောင်ချင်လို့
ဟုပြောလေရာမိုးသီးကအဟမ်း ဟမ်းဟုလည်ချောင်းရှင်း၍သံဖြူ ကတော့တန်းသို့နှုတ်ခမ်းကပ်ကာ
အားလုံး ကြားကြားသမျှ ရှားပင်လှရွာနေ အဘဦးလှစိန် အမိဒေါခင်လှတို့ကိုအမှူးထား၍ ဦးတောကျော်+ဒေါ်ကြီးတင်တို့ ရင်နှစ်သည်းချာသားရတနာများဖြစ် ကြသော မောင်မြင့်အောင် မောင်အောင်မိုး၊ မောင်စန်းမောင် တို့ကို ပဗ္ဗဇ္ဇမင်္ဂလာဆောင် နှင်းမည်
ဖြစ်ပါ၍ ကဆုန်လဆန်း(၁)ရက် နေ့နေ့လည်အချိန်တွင် ရှားပင်လှရွာရှင်ပြုမဏ္ဍပ်သို့ ရှင်ပြုတရားတော်နာ ကြွရောက်ပါရန်မိတ်အများ တို့အားဖိတ်ကြား လိုက်ပါသဗျို့...


ဟုဗျို့ဟစ်ပြလိုက်ရာနားထောင်နေသူ
အပေါင်းသည်သဘောကျဟန်ဖြင့်လက်ခုပ်
တဖြောင်းဖြောင်းတီးကာချီးကျူးလေ၏။
ဤသို့ဖြင့်မိုးသီးတို့အုပ်စုသည်ရွာလယ်
လမ်းမကြီးအတိုင်းတစ်ရွာလုံးလှည့်၍ဗျို့
ဟစ်ရလေ၏။
မိုးသီးတို့သည်ရွာလယ်လမ်းမကြီးအတိုင်းစ
တင်၍ဗျို့ဟစ်ကြရာဦးတောကျော်၏ဆွေမျိုး
များသည်မိုးသီးတို့ဗျို့အဖွဲ့အားအိမ်ထဲသို့ခေါ်
၍ရေတိုက်ခြင်း၊ထန်းလျက်၊ကြံသကာကျွေး
ခြင်းစသည်တို့ကိုပြုလုပ်ကြ၏။ထိုရွာကို
အောင်မြင်စွာဗျို့ဟစ်ပြီးသောအခါနောက်
တစ်ရွာသို့လှည့်လည်ကြ၏။ထိုရွာ၌လည်း
ဗျို့ဟစ်သူများကိုရန်စပြောင်မည့်သူမရှိဘဲ
အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့၏။ရွာနှစ်ရွာကို
လွန်မြောက်ပြီးသောအခါမိုးသီးကအာ
ခြောက်သာသဖြင့်ရေနွေးကြမ်းပုလင်းကို
မော့သောက်လိုက်ပြီး…
ရွာ
နှစ်ရွာတော့လွန်
ခဲ့ပြီ၊ကျန်တဲ့နှစ်
ရွာပဲကျန်တော့
တယ်…


ဟုပြောလိုက်ရာပေသီးကသက်ပြင်းချ၍...
ကျန်တဲ့နှစ်ရွာက တကယ့်မီးခဲတွေကွ၊ငါနဲ့ ရန်ငြိုးရန်စရှိတဲ့ကျကြီးတို့ရှိတယ် ကျကြီးကလွန်ခဲ့တဲ့နှစ်ကခရေကုန်းရွာဘုရားပွဲမှာငါနဲ့လက်ငှေ့ထိုးပြီး ကတည်းကငါ့ကိုရန်ငြိုးဖွဲ့နေတယ်၊ ဒီကောင်ကငါ့ကိုတစ်ချိန်လုံးဖိထိုးထားပြီးပွဲပြီးခါနီးမှငါကအလဲထိုးလိုက်လို့ငါ့ကိုမကျေမနပ်ဖြစ်ပြီးစင်အောက်မှာစိန်ပြန်ခေါ်တာ...
ထိုအခါလှတိုးကလည်း
ခရေကုန်းရွာမှာလည်းငါနဲ့အကြီးအကျယ်ရန်ပွဲဆင်ဖူးတဲ့ကြက်တောတို့လူစုရှိတယ်...
ဟုပြောလေရာမိုးသီးက...
ဒုက္ခပါပဲကွာ၊ဒီနေ့ငါတို့သွားရမယ့်ခရီးကဗျို့ဟစ်သွားရမဲ့ခရီးကွ၊ဗျို့ဟစ်တယ်ဆိုတာမင်းတို့သိတဲ့အတိုင်းကိုယ်ရဲ့ကောင်းမှုကုသိုလ်ကိုမျှဝေခံစားပြီးသာဓုခေါ်နိုင်အောင်စေတနာကောင်းနဲ့ဖိတ်ကြားတဲ့ပွဲ ဒီပွဲကိုသွားတဲ့သူတွေကရန်ဖြစ်လာတယ်ဆိုရင်အလှူပွဲပျက်ပြီးမင်္ဂလာကိစ္စကနေအမင်္ဂလာဖြစ်သွားမှာပေါ့ကွ၊ဒါကြောင့်ဗျို့ဟစ်တဲ့အလုပ်ကိုငါတစ်ယောက်တည်းလုပ်တော့မယ်၊ မင်းတို့ပြန်တော


ဟုမောင်းနှင်ထုတ်လေ၏။ပေသီးက ခေါင်းခါ၍...
ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ငါတို့ရွာကိုပြန်သွားရင်ရွာကလူတွေ ဝိုင်းဆူမှာပေါ့၊နောက်ပြီးငါနဲ့ ရန်ငြိုးရန်စရှိတဲ့ကျွဲကြီးကလည်း ပျောက်နေတာကြာပါပြီကွာ၊ ဒီကောင်အောက်ပြည်ဘက်ကို လှေထိုးလိုက်သွားတယ် ကြားတယ်...
ဟုတ်တယ် မိုးသီးငါတို့ရွာပြန်လို့ မဖြစ်ဘူး၊နောက်ပြီးငါနဲ့ရန်ဖြစ် ဖူးတဲ့ကြက်တောက နွားပွဲစားမလုပ် တော့ဘဲ အငြိမ့်ထဲမှာတောက်တို မယ်ရခိုင်းဖို့လိုက်သွားတယ်၊ ငါကြားတာကတော့ဒီကောင်အငြိမ့် မင်းသမီးကိုနောက်ပိုးလုပ်ပြီး အငြိမ့်နောက်ပါသွား တယ်ဆိုပဲ
ဒါဆို တော်သေးတာပေါ့ကွာ ဒါပေမဲ့အခုကတည်းက ကြိုမှာထားချင်တယ်၊ရန်ဖြစ်ရင် အလှူရှင်လည်းနာမည်ပျက်ပြီး အလှူပွဲပျက်မှာသေချာတယ်၊ဒီ တော့ကိုယ့်စိတ်ကိုကိုယ်မထိန်းနိုင် ရင်အစကတည်းကနောက် ဆုတ်တာကောင်း တယ်...

ဟုသတိပေးလေရာပေသီးနှင့်လှတိုးနှစ်ယောက်စလုံးကရန်မဖြစ်ရန်ကတိပြုကြ၍ခရီးဆက်ကြလေ၏။ အတန်ကြာအောင်ခရီးဆက်ပြီးနောက်ဗိုဟစ်ရမည့်ရွာထိပ်သို့ရောက်လေ၏။ရွာထိပ်ရှိချောင်းငယ်လေးကိုသွယ်တန်းထားသောတံခါးတစ်ခုရှိ၏။တံတားပေါ်တွင်ထိုင်၍ကျားထိုးနေသောလူငယ်များရှိ၏။မိုးသီးသည်၎င်းတို့အားဗိုဟစ်သူများဟုအများသိအောင်သံဖြူကတော့အနီးနှုတ်ခမ်းကပ်၍...




ဟဲဟဲဘယ်သူကများ လဲမှတ်တယ်ငါနဲ့လက်ဝှေ့ ထိုးဖော်ထိုးဖက်ကြီးပေသီးပါလား၊ ခရေကုန်းရွာဘုရားပွဲတုန်းကဒိုင်လူကြီးတွေအသုံးမကျလို့မင်းကိုငါရှုံးခဲ့တယ်၊ဒီကတည်းကတို့နှစ်ယောက်မတွေ့ဖြစ်ခဲ့ဘူး၊အခုတော့မင်းနဲ့ငါလက်ဝှေ့ပြန်ထိုးဖို့အခွင့်အရေးရပြီ၊ဘယ်လိုလဲပေသီး မကျေပွဲလေးနွှဲရအောင်
ဟုဆိုကာလက်မောင်းခတ်၍ပေသီးကိုစိန်ခေါ်လေ၏။ပေသီးသည်သွေးကောင်းသောလက်ဝှေ့သမားပီပီလက်ခမောင်းခတ်သံကြောင့်သွေးကြွတက်လာသော်လည်းဗိုလ်ဟစ်ရန်ကိစ္စကြောင့်ကိုယ်ရှိန်သတ်လိုက်ပြီး...
ဒီ တစ်ခေါက်တော့ လက်ဝှေ့ထိုးဖို့မဖြစ်ဘူးကွ၊ငါတို့ကဗိုလ်ဟစ်ရအောင်လာတာကွ...
ဟားဟား ပေသီး၊လက်ဝှေ့ကျော်ကြီးလုပ်ပြီးသတ္တိကြောင်နေပြီလား၊ခရေကုန်းပွဲကတည်းကမင်းနဲ့ငါဘယ်တုန်းကတွေ့လို့လဲ၊ဒီလိုနေ့မျိုးမှာလက်ဝှေ့မထိုးရင်မင်းနဲ့ငါဘယ်အချိန်မှာသွားထိုးမှာလဲ၊ သတ္တိကြောင်ရင်ယောကျာ်းပီပီဝန်ခံလိုက်စမ်းပါ


မိုးသီးသည်ကျဲကြီး၏တင်းမာနေသောအမူအရာကို
ကြည့်၍သက်ပြင်းချလိုက်မိ၏။ကျဲကြီးနှင့်ပေသီး
လက်ဝှေ့ထိုးဖြစ်လျှင်လက်ဝှေ့ပွဲမှရန်ပွဲသို့ကူးပြောင်း
သွားနိုင်၏။လက်ဝှေ့မထိုးဖြစ်အောင်ကိုယ်စွမ်းဉာဏ်
စွမ်းရှိသမျှတားဆီးရမည်ဟုတွေးလိုက်မိ၏။ထိုစဉ်
သူ၏ခေါင်းထဲသို့အကြံတစ်ခုဝင်လာပြီးကျဲကြီးကို
ကြည့်၍...
ဒီလိုလုပ်ပါလား ကျုပ်တို့ကဗျို့ဟစ်ဖို့ ရွာနှစ်ရွာကျန်သေးတယ်၊ဒီရွာကို ဗျို့ဟစ်ပြီးရင်ကျုပ်တို့တာဝန်ပြီးပြီ ဒီအချိန်ရောက်မှခင်ဗျားနဲ့ပေသီး စိတ်ရှိသလောက်ထိုးပေတော့၊အဲ့ဒီ အချိန်ကျရင်ကျုပ်တို့လည်းခင်ဗျား တို့လက်ဝှေ့ပွဲကိုစိတ်အေးလက် အေးကြည့်နိုင်မယ်...
အေး မင်းတို့ပြန်ရင်လည်း ဒီလမ်းကပဲပြန်ကြရ မှာပဲ၊ငါ့ကိုလှည့်စားဖို့ မကြိုးစားနဲ့နော်
ဟုပြောလေ၏။ကျဲကြီး၏စကားကြောင့်ပေသီး
သည်ဒေါသပုန်ထလေ၏။ထို့ကြောင့်မိုးသီး
သည်ပေသီးကိုဖျောင်းဖျ၍ရွာထဲသို့ခေါ်
ဆောင်သွားလေ၏။ပေသီးသည်မကျေမနပ်
နှင့်မိုးသီးနောက်သို့လိုက်သွားလေ၏။မိုးသီး
သည်ထိုရွာအတွင်းသို့ဝင်၍ဗျို့ဟစ်ရပြန်၏။
မိုးသီးသည်တစ်ရွာပြီးတစ်ရွာလှည့်ရသဖြင့်
ပင်ပန်းနေပြီဖြစ်သဖြင့်လှတိုးကိုတစ်လှည့်ဗျို့
ဟစ်ခိုင်းရ၏။


ပြီးနောက်တွင်မှုထိုရွာမှဦးတောကျော်၏ ဆွေမျိုးများကိုနှုတ်ဆက်ကာထွက်ခဲ့ကြ ပြန်၏။လမ်းတွင်ပေသီးကလက်သီး ဆုပ်၍...
အပြန် ကျရင်ကျွဲကြီးနဲ့ငါ ရေကုန်ရေခမ်း ထိုးမယ်...
ဟေ့ကောင် ပေသီးမင်းရူးနေလား မင်းတို့နှစ်ယောက်ကအရင်က ရန်ဖြစ်ဖူးတာလည်းရှိတယ် လက်ဝှေ့ထိုးဖို့ကြိုးဝိုင်းဒိုင်လည်း မရှိဘူး။ဒီလိုပုံစံမျိုးနဲ့လက်ဝှေ့ ထိုးရင်သူသေကိုယ်သေ သတ်တဲ့ရန်ပွဲပဲဖြစ်သွား မှာပေါ့...
ဘာပွဲပဲ ဖြစ်ဖြစ်ကွာဒီကောင် ကိုမကျေနပ်ဘူး။ငါတို့ အပြန်လမ်းမှာကျွဲကြီးတို့ လူစုကစောင့်နေတာ ဒီကောင်နဲ့တွေ့ရင်ငါက လက်ဝှေ့မထိုးဝံ့ပါဘူးဆိုပြီး ထိုင်ရှိခိုးရမှာလား...
ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ ကွာ။ဒါပေမဲ့ပြဿနာ မဖြစ်အောင်အေးအေး ချမ်းချမ်းဖြစ်မယ့်လမ်းကို ငါရှာနေတယ်...


ဟုပြောလေရာပေသီးသည်ငြိမ်သက်
သွားလေ၏။ထိုအခါလှတိုးကဝင်၍...
ရှေ့တစ်ရွာ
မှာငါနဲ့ရန်ဖြစ်ဖူးတဲ့
ကြက်တောရှိတယ်၊
ဒါပေမဲ့ဒီကောင်က
အငြိမ့်ထဲရောက်နေလို့
တော်သေးတာ
ပေါ့...
ဟုပြောလေ၏။ထိုအခိုက်မှာပင်ရွာ
အဝင်ဇရပ်ပျက်ကြီးပေါ်တွင်လူများစု
ဝေးနေသည်ကိုမြင်၍ပေသီးက...
ဇရပ်ပေါ်မှာ
ဖဲဝိုင်းလား၊အန်စာ
ဝိုင်းလားမသိဘူး၊
သွားကြည့်ရ
အောင်...
ဟုပြောကာဇရပ်အနီးသို့ရှေ့မှဦးဆောင်
၍လျှောက်သွားလေ၏။ပေသီးသည်ဖဲဝိုင်း
တွေ့လျှင်မနေနိုင်သူဖြစ်၏။မိုးသီးတို့ဇရပ်
ခြေရင်းသို့ရောက်သောအခါဖဲဝိုင်းအနီးရပ်
ကြည့်နေသူတစ်ဦးကိုကြည့်ကာလှတိုးက


ဟိုက် ဟိုရေ့ကကောင်က ငါနဲ့ရန်ဖြစ်တဲ့ကြက်တော ကွ၊ဒီကောင်အငြိမ့်လိုက် တယ်ဆိုပြီးဘယ်လိုလုပ် ဖဲဝိုင်းကိုရောက် နေတာလဲ
ဟုတအံ့တသြရှုတ်လေရာမိုးသီးသည်ဘုရား တလိုက်မိလေ၏။သည်တစ်ကြိမ်ဗျို့ဟစ်ထွက် ခြင်းသည်ကြီးစွာသောမှားယွင်းမှုဖြစ်သည်ဟု တွေးလိုက်မိ၏။ထိုအခိုက်မှာပင်ကြက်တောဆို သောလူသည်သူ၏အနီးရှိလူများကိုလက် ကုတ်၍ဇရပ်အောက်သို့ဆင်းလာ၏။ကြက်တော ကလုတိုးကိုကြည့်၍...
ဘယ်လိုလဲ ကိုယ့်လူ နွားပွဲမှာ ငါ့ ကို ကွဲအောင်ခတ်တာ သတိရရဲ့လား၊ အေးလေ လုပ်တဲ့ကောင်ကတော့ မေ့ နေပြီပေါ့၊ ဒါပေမဲ့ခံရတဲ့ ကောင်ကတော့ မမေ့သေး ဘူး မောင်
ဒီမှာ ကိုကြက်တော ကျုပ် တို့ ခင်ဗျားတို့ရွာကို ဗျို့ ဟစ်ဖို့လာတာပါ၊ ဒါကြောင့် အလှူရှင်တွေဂုဏ်သိက္ခာပျက် အောင်ရန်ဖြစ်ဖို့မဖြစ်နိုင်ဘူးဗျ ဒီတစ်ခေါက်တော့ သည်းခံပါကွာ


ဘာ ဒီတစ်ခေါက်တော့ ငါ့ခေါင်းကိုကွဲအောင်ခုတ်သွားတဲ့ကောင်ကိုသည်းခံရမယ်ဟုတ်လား...
ခင်ဗျား တို့ကျုပ်တို့အားလုံး ဗုဒ္ဓဘာသာဝင်တွေပါ ဒါဟာသာသနာရေးအတွက် လုပ်နေတဲ့ရှင်ပြုအလှူပွဲပါ၊ ဒါကြောင့်သည်းခံဖို့မေတ္တာရပ်ခံပါတယ်ဗျာ...
ဒီမှာ ဟော့ကောင်ဘုန်းကြီးကျောင်းသားလေသံနဲ့လာလုပ်မနေနဲ့၊ ငါနဲ့ရန်ကြွေးကိုတော့ဆပ်ရမှာပဲ...
ထိုအခါတစ်ချိန်လုံးငြိမ်၍နားထောင်နေသောလှတိုးကလည်း
အေး ဗျို့ဟာစ်ပြီးရင်တော့ ငါကလည်းမင်းနဲ့ရှင်းဖို့ အသင့်ပဲ၊စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်မယ် လှတိုးကွ...


မင်းကဒီအချိန်ထိ လေကမလျှော့သေးဘဲကိုး၊ဒီနေရာ ဟာဘယ်သူ့နေရာလဲဆိုတာသတိထားမိ ရဲ့လား၊အေး ဗျို့ဟစ်ပြီးပြန်လာရင်တော့ ငါ့ ခေါင်းမှာပတ်တီးစီးရသလိုမင်းလည်းစီးရမယ်ဟေ့ ဘုရားတရားသာအောက်မေ့ပေတော့၊ငါတို့ရွာ သားတွေအလှူမှာမစားရမှာစိုးလို့လွှတ်ပေး လိုက်တာရွာကပြန်ထွက်ရင်အဆင်သင့် ပြင်ထား
ဟုကြုံးဝါးလေတော့၏။မိုးသီးသည်လှတိုး၏လက်ကိုဆွဲ၍ထွက်ခဲ့လေတော့၏။လှတိုးသည်ဒေါသပုန်ထ၍ မိုးသီးနောက်မှယက်ကန်ယက်ကန်လိုက်ပါလာ၏။မိုးသီးသည်လှတိုးနှင့်ပေသီး၏ပြဿနာကိုမည်သို့မည်ပုံ ရှင်းရမည်နည်းဟုတွေးတောနေမိ၏။သူသည်ရွာထဲသို့စတင်ဝင်ရောက်ခဲ့ပြီးဗျို့ဟစ်နေသော်လည်းဗျို့ဟစ် ရာတွင်စိတ်မပါဘဲရှိလေ၏။မိုးသီးတို့ဗျို့အဖွဲ့ကိုကြည့်၍ဦးတောကျော်၏ဆွေမျိုးများက...
ဘကြီး တောကျော်တို့ရွာက ဗျို့ဟစ်တဲ့ကောင်လေး တွေရောက်နေတယ် ဟေ့...
ဟုဆိုကာအိမ်ထဲသို့ဖိတ်ခေါ်၍အလှူ၏ အကြောင်းကိုမေးမြန်းကြ၏။မိုးသီးသည် စိတ်လက်မကြည်မသာဖြင့်အလှူ အကြောင်းကိုပြောပြလေ၏။ထိုအခါ ဦးတောကျော်၏နှမဝမ်းကွဲတစ်ဦးက...


ဟဲ့ ငါတို့ရွာဦး ကျောင်းမှာအရှင်သုမနဆိုတဲ့ ကိုယ်တော်ရောက်နေတယ်၊မိတ္ထီလာမှာ မမ္ဘကထိကလုပ်နေတဲ့ရွှေမျက်မှန်ကိုယ်တော်ပဲ၊ရွာဦးကျောင်းဆရာတော်နဲ့စာလိုက်ဖတ်ဖို့ရွာကိုအလည်ရောက်လာတာညက ရွာဦးကျောင်းမှာတရားဟောသွားတာသိပ်ကောင်းတာပဲ၊အဲဒီသုမနဆိုတဲ့ကိုယ်တော်ဟာ သက်တော်ဘာမှမရှိသေးဘူး၊ဒါပေမဲ့ အပြောအဟောကောင်းလိုက်တာ ရွှေမျက်မှန်လေးတဝင်းဝင်း နဲ့
ဟုပြောလေရာမိုးသီးသည်မမ္ဘကထိကရွှေမျက်မှန်ကိုယ်တော်၏အကြောင်းကိုစဉ်းစားရင်းခေါင်းထဲသို့အကြံတစ်ခုလက်ခနဲဝင်လာ၏။ထိုအကြံအောင်မြင်လျှင်သူတို့ရွာအလှူပွဲအတွက်ပိုမိုစည်ကားလာနိုင်ဖွယ်ရှိပြီးဗျို့ဟစ်သောကိစ္စလည်းအန္တရာယ်ကင်းရှင်းနိုင်၏။ ထို့ကြောင့်ဦးတောကျော်၏နမဝမ်းကွဲဘက်သို့လှည့်၍
ဒါဆို အဒေါ်ရယ် အဲဒီရွှေမျက်မှန်ကိုယ်တော်ကို ဘကြီးတောကျော် အလှူမှာတရားပွဲတစ်ပွဲလောက် ဟောပေးဖို့လျှောက်ထားကြည့်ပါလား၊ ရွာအလှူပွဲမှာဆိုင်းရော၊ တရားပွဲပါဆို တော့ ပိုပြီးမြိုင်ဆိုင်သွားတာပေါ့၊ နောက်ပြီးတရားပွဲအတွက်ကိုယ်တော်ကိုမြို့တက်ပြီးခက်ခက်ခဲခဲ ပင့်ရတာမှမဟုတ်တာ
အေး နင့်အကြံမဆိုးဘူး ရွာဦးကျောင်းမှာ ငါလျှောက်ကြည့်ပေးမယ်၊ နင်တို့ဗျို့သမားတွေလည်း ထမင်းစားပြီးလိုက်ခဲ့ပေါ့ဟယ်၊ ထမင်းကိုတော့ ငါ့အိမ်မှာပဲစား၊ ညနေစောင်းနေပြီ ဗိုက်ဆာနေရောမယ်...

ထို့နောက်တွင်မှူးဦးတောကျော်၏နှမနှင့်အတူမိုးသီးတို့ဖို့သမားများသည်ရွာဦးကျောင်းသို့သွားကာရွှေမျက်မှန်ကိုယ်တော်ကိုတရားဟောပင့်ရလေ၏။ရွှေမျက်မှန်ကိုယ်တော်သည်တရားဟောရန်သဘောတူလေ၏။ သို့သော်ရွှေမျက်မှန်ကိုယ်တော်က...










သူကြီးသည်ဦးတောကျော်နှင့်အမျိုးနီးစပ်တော်သူဖြစ်သဖြင့်အလှူသို့ရွှေမျက်မှန်ကိုယ်တော်တရားဟောရန်စိတ်အားထက်သန်ရှာ၏။ သူကြီး၏လှည်းယာဉ်သည်လွန်စွာလှပပြီးတစ်စီးလုံးအပြောက်အမွှန်းများဖြင့်တန်ဆာဆင်ထား၏။ လှည်း၏ကိုယ်ထည်သည်ငှက်ရုပ်အမျိုးမျိုးထွင်းထုထား၏။ သူကြီးသည်လှပသောလှည်းယာဉ်နှင့်ပတ်သက်၍လွန်စွာဂုဏ်ယူလှ၏။ ထို့ကြောင့်လှည်းယာဉ်ပေါ်သို့အနီရောင်များတပ်ဆင်ထား၏။ နွား၏လည်ပတ်ကြိုးများတွင်လည်းလွန်စွာနားဝင်ချိုသောခြူလုံးလေးများတပ်ဆင်ထား၏။ ပြီးနောက်ရွှေမျက်မှန်ကိုယ်တော်အားရွာဦးကျောင်းသို့သွားရောက်ပင့်ဖိတ်လေ၏။


ရွှေမျက်မှန်ကိုယ်တော်သည် လှည်းကိုကြည့်၍သဘော ကျသွားလေ၏။သို့သော် လှည်းပေါ်သို့ရောက်သော အခါမျက်မှောင်ကြုတ်၍...
သူကြီး လှည်းမှာ သာသနာ့ အလံထောင်ပါဦး....
ဟုတောင်းဆိုပြန်ရာသူကြီးသည်ဆရာ တော်ထံရာသာသနာ့အလံကိုအလှူခံ၍ လှည်းပေါ်တွင်ထောင်လေ၏။ထိုအခါမှ ရွှေမျက်မှန်ကိုယ်တော်ကလှည်းထွက်ခွင့် ပြု၏။ရွှေမျက်မှန်ကိုယ်တော်၏လှည်း နောက်တွင်မိုးသီးတို့ဗျို့သမားများ၏ လှည်းကအနောက်မှလိုက်လေ၏။ဤသို့ ဖြင့်လှည်းနှစ်စီးသည်ရွာထဲမှတရွေ့ရွေ့ ထွက်ခဲ့လေ၏။ပေသီးကမိုးသီး၏ခါးကို တံတောင်ဖြင့်တွတ်၍တီးတိုးရယ်မော ကာ...
ဟီဟိ မင်းအကြံမဆိုးဘူးကွ၊ ရွာကိုပြန်ဖို့ငါ့ခြေထောက် တွေညောင်းနေတာနဲ့အတော် ပဲ၊အခုတော့လှည်းနဲ့ဘာနဲ့ ပြန်ရတယ်၊လှည်းပေါ်မှာလည်း သရက်သီးတွေ၊ငှက်ပျော သီးတွေစားစရာတွေစုံ လို့...

ဟုပြောလေ၏ ။ရွှေမျက်မှန်ကိုယ်တော်၏ လှည်းသည်ရှေ့မှဦးဆောင်၍ရွာထဲမှတရွေ့ရွေ့ထွက်ခွာလာခဲ့ရာရွာပြင်သို့ရောက်လေ၏ ။ရွှေမျက်မှန်ကိုယ်တော်သည်လှည်းပေါ်တွင်တင်ပျဉ်ခွေထိုင်ပြီးလှည်းသမားအားဟိုကပ်မောင်းပါလား၊သည်ကပ်မောင်းပါလားဆရာကြီးလုပ်၍ကြိမ်းမောင်းရင်းလိုက်ပါလာရာလှည်းသမားသည်တင်ပါ့ဘုရားတင်ပါ့ဘုရားဟုဆိုရင်းလွန်စွာစိတ်ညစ်နေလေ၏ ။ထိုအခိုက်လှည်းလမ်းပေါ်တွင်တုတ်ကိုယ်စီကိုင်ထားသောကြက်တောတို့လူစုကိုတွေ့ရလေ၏ ။ကြက်တောတို့သည်ရွှေမျက်မှန်ကိုယ်တော်၏ လှည်းနောက်တွင်အခန့်ညားလိုက်ပါလာပြီးငှက်ပျောသီးများကိုတဝတပြစားသောက်နေသောမိုးသီးတို့ဖို့အဖွဲ့ကိုမယုံနိုင်ဟန်ဖြင့်ငေးမောနေ၏ ။လှည်းလမ်းပေါ်တွင်ရပ်နေသောငင်းတို့လူစုကြောင့်လှည်းသမားကကွေ့ဝိုက်ရှောင်တိမ်းခိုင်းရာလှည်းသည်လမ်းပေါ်မှနံဘေးသို့ချော်ကျသွားလေ၏ ။ထိုအခါရွှေမျက်မှန်ကိုယ်တော်သည်ကြက်တောတို့လူစုအားလွန်စွာဒေါသထွက်သွားပြီး...







ဟုအထစ်ထစ်အငေါ့ငေါ့ဖြေလေ၏။ ထို့နောက်ရွှေမျက်မှန်ကိုယ်တော်က လှည်းသမားအားထွက်ဟုစေခိုင်း၍ရာနွားများကရုန်းသော်လည်းလှည်းသည်နွံထဲသို့ကျနေသဖြင့်မထွက်နိုင်ဘဲရှိနေ၏။လှည်းမထွက်နိုင်သဖြင့်မိုးသီးတို့ကလှည်းကိုတွန်းမည့်ဟန်ပြင်လေရာရွှေမျက်မှန်ကိုယ်တော်က...
မင်းတို့ လှည်းအောက်ကို မဆင်းကြနဲ့၊ ဟော့ကောင်တွေ မင်းတို့ကြောင့် လှည်းကိုအမြန်ဆုံး တွန်းတင်
တင်ပါ့ဘုရား...
ဟုဆိုကာပုဆိုးများကိုခါးတောင်းကြိုက်ကြလေ၏။ထို့နောက်ရှုံ့နွံထဲသို့ဆင်းကာရွှေမျက်မှန်ကိုယ်တော်၏လှည်းကိုတွန်းတင်ပေးလေ၏။ထိုမြင်ကွင်းကိုကြည့်၍လှတိုးကတဟီးဟီးရယ်မောရင်း
ဟီးဟီး ငါ့ခေါင်းကိုကွဲအောင်ရိုက်မယ်ဆိုတဲ့ကောင်တွေပုဆိုးခါးတောင်းကြိုက်ပြီးလှည်းတွန်းနေရတယ်...

ဟုတီးတိုးပြောဆိုလေ၏ ။လှည်းဘီးသည်ရွံ့နွံထဲသို့ဘီးတစ်ဝက်မျှနစ်ဝင်နေသည်ဖြစ်ရာကြက်တောတို့
လူစုသည်ချွေးတဒီးဒီးကျအောင်တွန်းရရှာ၏ ။အတန်ကြာအောင်တွန်းတင်ပြီးမှလှည်းသည်လမ်းပေါ်သို့
ပြန်ရောက်လေရာကြက်တောတို့လည်းမြေပေါ်တွင်းပစ်လဲကျကျန်ရစ်ခဲ့လေ၏ ။မိုးသီးကသက်ပြင်းချ
လိုက်ပြီး...






ဟုရေရွတ်လေ၏ ။ထို့နောက်တွင်မုရွှေမျက်မှန်ကိုယ်တော်
သည်လှည်းသမားကိုစိတ်မချဟန်ဖြင့်မိုးသီးတို့လှည်းကိုရှေ့
မှမောင်းနှင်ခိုင်းလေ၏ ။လှည်းနှစ်စီးသည်ရွာနှစ်ရွာကိုလွန်
မြောက်ပြီးနောက်ထိုရွာ၏ ရွာဦးစေတီကိုမြင်သောအခါ
ရွှေမျက်မှန်ကိုယ်တော်ကဖူးမျှော်ချင်သည်ဟုဆိုကာလှည်းပေါ်
မှဆင်း၍ဖူးမျှော်လိုက်လေ၏ ။မိုးသီးတို့လှည်းသည်မမွကတိ
ကကိုယ်တော်၏လှည်းကိုစောင့်ရင်းရှေ့မှခပ်ဖြည်းဖြည်း
မောင်းလေရာကျွဲကြီးတို့ရွာသို့နီးကပ်လာလေ၏ ။ထိုအခိုက်
မှာပင်လှည်းလမ်းနံဘေးရှိမြေကွက်လပ်သို့လက်ဝှေ့ကျော်
ကျွဲကြီးတို့ရောက်ရှိလာပြီးကျွဲကြီးကလှည်းကိုပိတ်ရင်း...




ထိုအခိုက်မှာပင်ရွှေမျက်မှန်ကိုယ်တော်၏လှည်းသည်သာသနာ့အလံကိုတလူလူလွင့်၍နောက်မှရောက်ရှိလာလေ၏။ကျွဲကြီးတို့လူစုသည်အဆန်းတကြယ်မွမ်းမံထားသောလှည်းပေါ်တွင်ရွှေမျက်မှန်တဝင်းဝင်းဖြင့်လိုက်ပါလာသောဓမ္မကထိကကိုယ်တော်ကိုတအံ့တသြကြည့်နေစဉ်ရွှေမျက်မှန်ကိုယ်တော်က…
ဘာဖြစ်ပြန်ပြီလဲ
ဟောဒီ လူတွေ လှည်းလမ်းပေါ်မှာပိတ်နေလို့ပါ…
ဟေ့ကောင်တွေ မင်းတို့ယဉ်ကျေးမှု မရှိဘူးလား၊ ငါတို့နေမဝင်ခင်ခရီးသွားရမှာ လမ်းပေါ်က အမြန်ဆုံး ဆင်းပေးစမ်း
ဟုကြိမ်းမောင်းလိုက်ရာကျွဲကြီးတို့လူစုသည်လှည်းလမ်းအောက်သို့ကမန်းကတန်းဆင်းရလေ၏။ထိုခေတ်ကတောရွာများတွင်ရဟန်းတော်များ၏အရှိန်အဝါနှင့်သြဇာအလွန်ကြီး၏။


ဟဲဟဲ
ဒီတစ်ခါတော့သည်း
ခံကွာ၊နောက်တစ်ကြိမ်
ဆိုရင်တော့ပဝါမကူရေ
မရှုကြေးထိုးကြမယ်ဟော့
မင်းကံကောင်းသွား
တယ်မှတ်ပါ...
ပြောလိုက်ရာကျွဲကြီးသည်မခံချိမခံသာဖြစ်ပြီးကျန်ရစ်ခဲ့လေ၏။လှည်းနှစ်စီးသည်၎င်းတို့လူစုကိုလွန်မြောက်သောအခါမှမိုးသီးသည်သက်မချနိုင်၏။သူတို့ဗိုလ်အဖွဲ့အောင်မြင်ရုံမကတရားဟောမမ္ဘကထိကကိုယ်တော်တစ်ပါးပင်အဆစ်ပါလာ၏။မိုးသီးတို့လှည်းသည်ညနေမစောင်းမီရွာသို့ဝင်ခဲ့လေ၏။ရွာသို့ရောက်သောအခါအလှူရှင်ဦးတောကျော်တို့လင်မယားအားရွှေမျက်မှန်ကိုယ်တော်၏အကြောင်းကိုပြောပြလေရာ၎င်းတို့ကဝမ်းသာအားရဖြင့်ကိုယ်တော်ကိုကြိုဆိုကြလေ၏
ကိုယ်တော်အတွက်တရားပွဲကိုထိုနေ့ညတွင်စီစဉ်ပေးရန်ပြင်ဆင်ကြလေ၏။ရွှေမျက်မှန်ကိုယ်တော်ထိုညတွင်သီတင်းသုံးနေထိုင်ရန်ရွာဦးကျောင်းဆရာတော်သို့ပင့်လျှောက်ထားရာဆရာတော်ကသူ၏ကျောင်းရှိအကောင်းဆုံးအခန်းတွင်နေထိုင်လေ၏။ဆရာတော်၏ကျောင်းသည်ကြီးမားသောနှစ်ထပ်ကျောင်းကြီးဖြစ်ရာရွှေမျက်မှန်ကိုယ်တော်သည်သဘောကျသွားလေ၏။ရွာသူရွာသားများသည်မိတ္ထီလာမြို့မှမမ္ဘကထိကအကျော်အမောတစ်ပါးရောက်နေသည်ဖြစ်သဖြင့်ယနေ့ညတွင်ပင်တရားနာရန်စိတ်အားထက်သန်နေကြ၏။ထို့ကြောင့်ဦးတောကျော်ကရွှေမျက်မှန်ကိုယ်တော်ရှိရာရွာဦးကျောင်းသို့သွားရောက်လျှောက်ထားလေရာကိုယ်တော်က...
၂၅


ကျုပ် ခရီးပန်းလာတယ်၊ ဒီညတော့ တရားဟော လို့မဖြစ်နိုင်ဘူး၊ အိပ်ရေး ဝဝအိမ်ပြီး အားရှိမှ ဟောမယ်၊ မနှောင့် ယှက်ပါနဲ့
ဟုရာဇသံပေးလိုက်ရဦးတော ကျော်သည်ရွှေမျက်မှန်ကိုယ်တော်၏စကားများကိုစာနှင့်ရေးမှတ်ရလေ၏။နောက်တစ်နေ့သို့ရောက်သောအခါဦးတောကျော်ကမိုးသီးကိုခေါ်၍...
မင်းတို့ ပင့်လာတဲ့ကိုယ်တော်က တရားဟောရင်ဖြင့်ဘယ်လိုနေမလဲ မသိဘူး၊တောင်းဆိုလိုက်တာမနည်း ပါလား၊လောလောဆယ်မြောက်ပိုင်း ရွာတွေလှည့်ပြီးလက်ဖက်ထုပ်ကမ်းပေး ပါဦး၊လက်ဖက်ကမ်းရင်းကောင်း ကောင်းမွန်မွန်လည်းဖိတ်ခဲ့နော်၊ ဒီနေ့သွားဖိတ်ရာမှာကင်္ပါမိန်းမ အမျိုးတွေကသူတို့ကပိုအရေး ကြီးတယ်...
ထို့နောက်မိုးသီးသည်ရွာသူလေးများထုပ်ထားသောလက်ဖက်ထုပ်များကိုတောင်းထဲတွင်ထည့်၍နွားလှည်းပေါ်တင်ကာလှည်းကိုကိုယ်တိုင်မောင်းနှင်၍ထွက်ခဲ့လေ၏။သူသည်နွားများကိုကြိမ်တို့၍ထွက်ရန်ပြင်လိုက်စဉ်ပန်းနုသည်အနီးသို့ရောက်လာပြီး...
၂၆






ဦးတောကျော်သည်ရွှေမျက်မှန်ကိုယ်တော်ရှိုးထုလွန်းသဖြင့်မျက်စိမျက်နှာပျက်နေ၏။ညသို့ရောက်သောအခါဦးတောကျော်၏ အလှူမဏ္ဍပ်သို့ရွာရှိလူကုန်ရောက်ရှိလေ၏။မိုးသီးသည်လူအများ၏နောက်တွင်ခပ်ရို့ရို့ရပ်ရင်းတရားပွဲကိုနားဆင်လေ၏။ရွှေမျက်မှန်ကိုယ်တော်သည်တရားဟောအလွန်ကောင်းပြီးအပြောအဆိုတို့ပိုင်လှသောကြောင့်ရွာသူရွာသားများသည်လွန်စွာသဘောကျနေ၏။


နောက်တစ်နေ့တွင်မြို့မှဆိုင်းအဖွဲ့
ရောက်လာ၍မိုးသီးတို့သည်ဆိုင်းအဖွဲ့
ကိုကားလမ်းမအထိသွား၍ကြိုဆိုကြ၏။
ဆိုင်းအဖွဲ့နှင့်ပစ္စည်းများကိုနွားလှည်းဖြင့်
တင်ဆောင်လာခဲ့၏။ထိုရက်ပိုင်းအတွင်း
ရွာသူရွာသားများအတွက်ပျော်ရွှင်ဖွယ်
အထိပင်ဖြစ်လေ၏။အလှူပြုသောနေ့
တွင်ဦးတောကျော်တို့ရွာသားများသာမက
အနီးအနားရွာများမှမိုးခိုးတိတ်လာရောက်
စားသောက်ကြသဖြင့်ရွာဦးကျောင်းဝင်း
ကြီးတစ်ခုလုံးပြည့်လျှံနေ၏။
မိုးသီးသည်ရွာ၌အနွမ်းပါးဆုံးဖြစ်သဖြင့်
အလှူတွင်အများကခိုင်းစေခြင်းကိုလုပ်
ကိုင်ရ၏။သူနှင့်ရွယ်တူကာလသားများ
ရှိုးထုတ်နေချိန်တွင်မိုးသီးကမူအပေါ်ပိုင်း
ဗလာကျင်း၍ပုဆိုးတိုတိုဝတ်ကာပန်းကန်
ဆေးရေထမ်းပေးနေရ၏။သူသည်ရေထမ်း
ရင်းကွမ်းတောင်ကိုင်ပန်းနုကိုမသိမသာ
ခိုးကြည့်လိုက်ရာပန်းနုသည်အလွန်လှပနေ
ကြောင်းတွေ့ရ၏။
ပန်းနုအနီးတွင်ကြေးရတာက်ကာလသား
များရစ်ဝဲနေ၏။၎င်းတို့နှင့်ယှဉ်၍မိမိကဲ့
သို့မျက်နှာမွဲတစ်ယောက်ကပန်းနုမေတ္တာ
ကိုမည်သို့ယှဉ်ပြိုင်ရမည်နည်း။မိုးသီး
သည်မိမိဘဝနှင့်ပန်းနုဘဝကိုယှဉ်၍အား
ငယ်လာမိ၏။ထို့ကြောင့်ရေထမ်းနေ
သောပုန်းများကိုချ၍သံဃာစင်ပေါ်တွင်
တစ်ပါးတည်းထိုင်၍ကွမ်းဝါးနေသောဦး
ပဥ္စင်းကိုဦးချ၍လေသံတိုးတိုးဖြင့်...


ဦးပဥ္ဇင်း တပည့်တော်မေး စရာလေးတစ်ခုရှိလို့ ပါ...
မေးလေကွယ်
လောကမှာ ကြီးပွားချမ်းသာ အောင်ဘယ်လိုလုပ် ရမလဲဘုရား...
လူမှာရှိတဲ့စွမ်း ရည်ကအတိုင်းအဆမရှိ ဘူးကွ၊ကြိုးစားရင်ကြိုးစား သလောက်ထိပ်အုံးရောက်အောင်မြင် တာပဲ၊ဘယ်အလုပ်မျိုးမဆိုတစိုက် မတ်မတ်နဲ့ကြိုးစားပြီးလုပ်ရင် အောင်မြင်မှာသေချာတယ်၊ပန်းတိုင် ရောက်အောင်စဥ်ဆက်မပြတ် လုပ်ဖို့ရှဲပဲလိုတယ်...



ဟုပြောလေရာမိုးသီးသည်ဦးပဍင်းစကားကြောင့် ကျဆင်းနေသောစိတ်ဓာတ်များပြန်လည်တက်ကြွလာလေ၏။ထို့ကြောင့်...
ဉာဏ်ကိုလည်း အသုံးချမယ်၊အလုပ်ကိုလည်းကြိုးကြိုးစားစား လုပ်မယ်ဆိုရင် တပည့်တော်ကြီးပွားမှာပေါ့နော်
မြေကြီးကို ဟောဒီလိုလက်နဲ့ရိုက်ရင် လွဲရင်လွဲမယ် ဉာဏ်ပါပြီးကြိုးစားရင်တော့ အောင်မြင်မှာမလွဲဘူးကွ...
ဟုပြောလေရာမိုးသီးသည်ဦးပဍင်းကိုကျေးဇူးတင်လွန်းသဖြင့်အကြိမ်ကြိမ်ထိုင်ကန်တော့နေ၏။ သူ၏ရင်ထဲတွင်အားအင်သတ္တိများဝင်ရောက်လာသလိုခံစားရ၏။မည်သည့်အခက်အခဲကိုမဆိုရင်ဆိုင်ဖြေရှင်းဝံ့သောသတ္တိများလည်းဝင်ရောက်လာ၏။ ဘဝမှာဘယ်လိုအခက်အခဲကိုကြုံကြုံဉာဏ်ကိုအသုံးချပြီးအားကြိုးမာန်တက်ဖြေရှင်းမယ်ဟုကြုံးဝါးလိုက်၏။